ကံကျော်ဝတ်ရည်



## ( နိဒါန်း )

ကျွန်တော်သည် မည်သူ့ထက်မျှ ထူးခြားပြီး အရေးပါသူတစ်ယောက် မဟုတ်။ စာတိုပေစရေးသားခြင်း၊ အင်္ဂလိပ်ဘာသာဧည့်လမ်းညွှန် အလုပ်လုပ်ကိုင်ခြင်း တို့ မှ တပါး အခြားမည်သည့် အလုပ်ကိုမျှ ဟုတ်ဟုတ်ညားညား လုပ်ကိုင်တတ်သူ တစ်ယောက်မဟုတ်။ တစ်နိုင်ငံလုံး အတိုင်းအတာအနေနှင့် ပြောရလျှင် ကျွန်တော်သည် ၅၁ သန်းကျော်ပြည်သူထဲမှ သာမန်အညတရ ပြည်သူတစ်ယောက်ဖြစ်ပေသည် ။ ထို့ကြောင့် ကျွန်တော့်အကြောင်းကို ကျွန်တော်၊ ဘဝအတ္ထုပ္ပတ္တိ ကိုယ်တိုင်ရေးသောအခါ တိုင်းပြည်ခေါင်းဆောင်လဲမဟုတ်၊ celebrity လဲမဟုတ်၊ အားကစားအကျော်အမော်လဲမဟုတ်၊ နိုင်ငံရေးခေါင်းဆောင်လဲ မဟုတ်သဖြင့် အညတရ မှတ်တမ်းဟု သာ အမည်ပေးလိုက်ရပါသည် ။ ဤစာစုများကို ရေးသားရာတွင် ကျွန်တော့်၌ အကြောင်းပြချက် တစ်ခုသာရှိသည် ။ ၎င်းမှာ မရေးရမနေနိုင်သော စာပေပိုးက တောင်းဆိုသဖြင့် ကျွန်တော်အသက်ရှင်ထင်ရှား ဖြတ်သန်းခဲ့သော ခေတ်ကာလတစ်ခုကို နောက်လူတို့ သိအောင် မှတ်တမ်းတင်ခဲ့ချင်သော စိတ်ဖြစ်သည် ။ ဤစိတ်သည် ဘယ်လိုဖြစ်ပေါ်လာသနည်းဟူမူ ကျွန်တော်သည် အလွန်စာဖတ်ဝါသနာပါသော လူတစ်ဦးဖြစ်သည် နှင့် အညီ စာအုပ်ပေါင်းထောင်သောင်းနှင့် ချီ၍ ဖတ်ရှုခဲ့ပြီးသောအခါ နိုင်ငံကျော် စာရေးဆရာကြီးများ ၏ ကိုယ်တိုင်ရေး ဘဝမှတ်တမ်းစာအုပ်များမှာ ရင်ထဲတွင် မပျောက်မပျက် စွဲကျန်နေခဲ့လေသည် ။ ဥပမာအားဖြင့် ဆရာကြီးရွှေဥဒေါင်း၏ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ ၊ ဆရာ ဇဝနရေးသော ဇဝန၏ ဇဝ

န၊ ပီမိုးနှင်း၏ ပီမိုးနှင်း၊ တင့်တယ်၏ တင့်တယ်၊ ဆရာသော်တာဆွေ၏ ကျွန်တော့်ဘဝဇာတ်ကြောင်း၊ ဒဂုန်ရွှေမျှား၏ ဒဂုန်ရွှေမျှား၊ ဦးနု၏ တာ တေစနေသား၊ မော်ဘီဆရာသိန်းကြီး၏ အရှုံးလွယ်အိတ်၊ တင့်ဆန်း၏ ငမိုးရိပ်မှ ငမိုးရိပ်သို့စသည့် စာအုပ်များ ဖြစ်သည် ။ ထိုသို့ နှစ်သက် သော်လည်း ကျွန်တော်သည် အထက်ပါဆရာများ နှင့် ကိုယ့်ကိုကိုယ် တ စ်တန်းတည်းထား၍ ဤစာစုကိုရေးခြင်း မဟုတ်ကြောင်း ထပ်မံဖော်ပြ ပါရစေ။ ကိုယ့်အကြောင်း ကိုယ်ရေးရန် မည်သို့မည်ပုံ အတွေးရခဲ့သည် ကို ဖော်ပြလိုရင်းဖြစ်ပါသည် ။

မြန်မာပြည်၌ ကိုယ့်အကြောင်းကိုယ်ရေးရသည် မှာ လွယ်သည် မဟု တ် ကိုယ့်အကြောင်းကိုယ်ရေးသည် နှင့် တနွယ်ငင်တစင်ပါဆိုသလို မိ သားစုအကြောင်းက ပါလာမည်ဖြစ်သည် ။ ညီအစ်ကို မောင်နှမများ အကြောင်း ပါလာမည်။ သူတို့ ၏ ခင်ပွန်းများ ဇနီးမယားများ အကြောင်းပါလာမည်။ သူတို့ ကမွေးသော သားသမီးများ အကြောင်း ပါ လာမည်။ ထိုသူများအားလုံးသည် ဆရာသော်တာဆွေ၏ သားသမီး ဆွေ မျိုး ညီအစ်ကိုမောင်နှမများကဲ့သို့၊ ဦးနု၏ မိသားစုကဲ့သို့ သဘောထားကြီးကြီး ထားနိုင်သူများ ဖြစ်လျှင်တော်ပေသေး၏။ အများ အားဖြင့်လူတို့ သည် သူတို့ အကြောင်း၊ သူတို့ ဖခင်အကြောင်း၊ သူတို့ မိ ခင်အကြောင်း၊ သူတို့ ပတ်သက်ရာ ပတ်သက်ကြောင်း အကြောင်း မှန် သော်လည်း သူတို့ လက်မခံနိုင်သော အရေးအသား တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ဆတ်ဆတ်ထိမခံ တုန့်ပြန်ရန်တွေ့ကြသောဓလေ့ မှာ မြန်မာနိုင်ငံတွင် အလေ့အထလိုဖြစ်နေသည် ။ ထို့ကြောင့် စာရေးဆ ရာသည် လောကလူ့ဘောင်တွင် တွေ့ကြုံရတတ်သော လူ့စရိုက်သဘာဝ မှတ်တမ်းကို အရင်းအတိုင်း အပိုအလိုမရှိ ဖွဲ့ဆိုရာ၌ အခက်အခဲများ ရှိ တတ်ပါသည် ။ မခံမရပ်နိုင်ဖွယ် ကိစ္စများကို အတတ်နိုင်ဆုံး ရှောင်ရှား

ရေးသားရသည် မှာ အရှိန်နှင့် ပြေးနေသောမြင်း ဇက်ကြိုးကိုခဏခဏ ဆွဲဆောင့်ရသည် နှင့် တူနေပေသည်။

ကျွန်တော့် ဘဝမှတ်တမ်းကို ရေးမည်ကြံသောအခါ အချို့လူများက ဝေဖန်ကြသည် မှာ ကျွန်တော်သည် အသက် (၄၇ )နှစ်ပဲရှိသေးသဖြင့် အလွန်ငယ်ရွယ်သေးသောကြောင့် ဤလိုစာမျိုးကို အသက် (၇၀)လောက်မှ ရေးဖို့ ကောင်းကြောင်း ပြောကြပါသည် ။ သို့သော် အကြောင်းနှစ်ရပ်ဖြင့် သူတို့ စကားကို ကျွန်တော် ပယ်ရှားပါသည် ။ ပထမအကြောင်းမှာ လူ့လောက၌ မည်သူ့တွင် မှ အသက် (၇၀)အထိနေရမည်၊ အသက်ရှည်လိမ့်မည်ဟု အာမခံချက်မရှိ၍ ဖြစ်သည် ။ အသက် (၇ ၀ )ကျော်အောင်ပင်နေရစေဦး ထိုအခါ ရှိလာမည့် မှတ်ဉာဏ်များ သည် ယခုအခါလောက်ကောင်းမွန်တော့မည် မဟုတ်ပါ။ နောက်အကြောင်း အချက်မှာ ဆရာဒဂုန်တာရာသည် သူ၏ အတ္ထုပ္ပတ္တိဖြစ်သော ဒဂုန်တာရာ၏ ဒဂုန်တာရာကို ရေးချိန်၌ ကျွန်တော့် အသက်လောက်ပင်ရှိပါသေးသည် ။ အသက်ကြီးခြင်း မကြီးခြင်းသည် အဓိကမဟုတ် အတွေ့အကြုံများ ခြင်းမများ ခြင်း၊လောကကိုဆင်ခြင်နိုင်သော ဉာဏ်ရှိခြင်း မရှိခြင်းတို့ ကသာ အဓိကနေရာတွင် ရှိကြောင်း ကျွန်တော်ယုံကြည်ပါသည် ။ ထို့ကြောင့် ဤမှတ်တမ်းကို အသက် (၄၇ )နှစ်တွင် ကျွန်တော်စရေးပါသည် ။ မည်မျှကြာကြာ ရေးရမည်လဲ ကျွန်တော်မသိပါ။ အကယ်၍ ကျွန်တော်သည် ကျန်းမာရေးကောင်းကာ အသက်ရှည်ခဲ့ပါမူ၊ ဤစာအုပ်ကို အပြီးသတ်ရေးသား ထုတ်ဝေနိုင်သည် အထိ ဆောင်ရွက်နိုင်ကောင်းရဲ့ ဟု မျှော်လင့်ပါသည် ။ နောင်အနှစ်တစ်ရာ တွင် ယခုအသက်ရှင်နေကြသော သူအားလုံး ကွယ်လွန်ကုန်ကြလောက်ပြီဖြစ်ရာ နောက်လာနောက်သားများအား ကျွန်တော့်မှတ်တမ်းလေးက ကျွန်တော်တို့ ခေတ်နှင့် ပတ်သက်သော တစ်စုံတစ်ရာကို ပြန်ပြောင်း ပြောပြနိုင်မည်ဆိုပါ

က ကျွန်တော့ဘဝကို မခြွင်းမချန် အပင်ပန်းခံ ရေးသားရကျိုးနပ်ပြီ ဟု ဆိုနိုင်ပါသည် ။

သရဝဏ်(ပြည်) ၁.၉.၂၀၁၄

***

## ကျွန်ုပ်၏ မိဘဘိုးဘွားများ

ကျွန်တော်၏ မိသားစုမှာ ဘိုးစဉ် ဘောင်ဆက်ကပင် အနုပညာသမားများ ဖြစ်သည် ။ နားရှုပ်မည်စိုးသဖြင့် အဘိုးကိုလွန်၍ မဖော်ပြတော့ပါ။ အဘိုး အဘွားများ လက်ထက်မှ သာ စတင်ရေးသားပြပါမည်။ မြင်သာအောင် ဇယားချပြရလျှင် ကျွန်တော်တို့ မျိုးရိုးဇယားမှာ အောက်ပါအတိုင်း ဖြစ်ပါသည် ။

(ဦးဝိန် + ဒေါ်သိန်းခင်) | (ဦးမြမောင် + ဒေါ်စန်းကြည်)

ဦးပါ (ခ)ဦးခင်ဇော် + ဒေါ်မြင့်မြင့်

(၁) မာလာဝေ
(၂) နီလာဆွေ
(၃) အောင်ကြည်စိုး
(၄) သီတာမေ
(၅) အောင်ရည်မိုး (အောင်အောင်)
(၆) အောင်ညီမျိုး (ညီညီ)
(၇) ကြည်ပြာနွေ

ဤမျိုးရိုးဇယားတွင် လက်ဝဲဘက်တွင် ဖော်ပြထားသည် မှာ ကျွန်တော့်အဖေ၏ မိဘနှစ်ပါးဖြစ်သည် ။ အဘိုးဖြစ်သူ ဦးဝိန်သည် အင်္ဂလိပ်စာတတ် တစ်ယောက်ဖြစ်သည် ။ ဓာတ်ပုံပညာကို ငယ်စဉ်မှ ပင် ဝါသ

နာပါသည် ။ သူတို့ ညီအစ်ကိုများ သည် ပိုက်ဆံဥစ္စာအလွန် ကြွယ်ဝချမ်း သာသည် ။ သူ၏ အစ်ကိုဦးကောင်းသည် ငွေစာရင်းမင်းကြီး ဖြစ်သည် ။ အင်းယားမြိုင်လမ်းထဲရှိ ငွေစားရင်းမင်းကြီး တရားရိပ်သာ (ခေါ်)အပြည်ပြည်ဆိုင်ရာ ဝိပဿနာရိပ်သာ (International Meditation Centre ) မြေနေရာကွက်သည် ကျွန်တော့်အဘိုး၏ အစ်ကိုဦးကောင်းနှင့် ဦဘသန်းက ဆရာကြီး ဦးဘခင်အား လှူဒါန်းခဲ့ခြင်းဖြစ်သည် ။ ညီအစ်ကိုအားလုံး ရန်ကုန်မှာ နေသော်လည်း အဘိုးသည် ပြည်မြို့သူဖြစ်သော အဘွား ဒေါ်သိန်းခင်နှင့် အိမ်ထောင်ကျကာ ပြည်မြို့မှာ ပဲ နေသည် ။ သူ၏ အစ်ကိုဖြစ်သူ ငွေစာရင်းမင်းကြီးက ပြည်တွင် အဘိုးအတွက် အိမ်တစ်လုံးဝယ်ပေးရာ လူသူရှုပ်ထွေးသော လမ်းမတော်လမ်းရှိ နေအိမ်ကိုမနှစ်သက်ပဲ ယခုထက်တိုင် ကျွန်တော်တို့ နေထိုင်ဆဲဖြစ်သည့် ပြည်မြို့ရွှေဆံတော်ဘုရား မြောက်ဘက်စောင်းတန်းနှင့် တည့်တည့်လမ်းမှ အိမ်ကို စိတ်ကြိုက်ရွေးချယ်ခဲ့သည် ။ ကျွန်တော်တို့ မောင်နှစ်မ ခုနစ်ယောက်စလုံး ထိုအိမ်မှာ ပင် မွေးဖွားကြီးပြင်းခဲ့ပါသည် ။

အဘိုးသည် တစ်နေ့တွင် ကင်မရာကက်တလောက်တစ်ခုကို ကြည့်ပြီး ရန်ကုန်မြို့ ရိုးကုမ္ပဏီသို့ စာရေးကာ ဓာတ်ပုံကင်မရာတစ်လုံး မှာလိုက်သည် ။ မကြာမီ စာတိုက်မှ အဘိုးဆီသို့ V.P.P ဖြင့် ကင်မရာတစ်လုံး ရောက်ရှိလာရာ အင်္ဂလိပ်လို ရေးသားထားသော ကင်မရာလက်စွဲလမ်းညွှန်ကို ဖတ်ပြီး ဓာတ်ပုံစမ်းရိုက်ရာ ရက်အနည်းငယ် အတွင်းမှာ ပင် အတော်နားလည် တတ်ကျွမ်းသွားလေသည် ။ နောက်ပိုင်းတွင် အဘိုးသည် ဓာတ်ပုံပစ္စည်းများကို ထပ်မံမှာ ယူလိုက်ကာ အိမ်တွင် ခေတ္တရာ ဓာတ်ပုံဆိုင်ဟူသော ဓာတ်ပုံစတူဒီယိုတစ်ခုကို ( လွတ်လပ်ရေးရပြီးစကာလက ရှားရှားပါးပါး) ပြည်မြို့တွင် ထူထောင် လိုက်လေသည် ။ ထိုခေတ်ထိုအခါက ပြည်မြို့သူမြို့သားများ သည် အရေးပါသော အခမ်းအ

နားတစ်ခုခုရှိလျှင် ခေတ္တရာဓာတ်ပုံတိုက်တွင် ဓာတ်ပုံမရိုက်လိုက်ရပါက ခေတ်မမီဟု ပင် ပြောစမှတ်ရှိခဲ့သည် ။ အဘိုးဓာတ်ပုံဆိုင်လုပ်ငန်းသည် အလွန်တွင် ကျယ် အောင်မြင်ခဲ့၏။ မည်မျှအောင်မြင်သနည်းဟူမူ၊ အဘိုးဓာတ်ပုံပညာ အလွန်ကောင်းသည် ကို သိရှိသွားသော ရန်ကုန်မြို့ ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီမှ ဒါရိုက်တာဦးတုတ်ကြီး ရိုက်ကူးသော မင်းသားခင်မောင်အေး၊ မင်းသမီးခင်ခင်ရီတို့ ပါဝင်သရုပ်ဆောင်သည့် “ဣဿရာရုံ” ဟူသည့် ဇာတ်ကားတွင် ကင်မရာမင်းအဖြစ် ခေါ်ယူရိုက်ကူးစေခဲ့သည် ။ ထိုဇာတ်ကားတွင် ဓာတ်ပုံမောင်ဝိန်ဟု စာတန်းထိုးသည်ကို မြန်မာ့ရုပ်မြင်သံကြားမှာ ဣဿရာရုံဇာတ်ကား ပြန်ပြတော့ ကျွန်တော်ကြည့်လိုက်ရပါသည် ။ သို့သော် အဘိုးသည် ရန်ကုန်တွင် မပျော်သဖြင့် ရုပ်ရှင်ဓာတ်ပုံလောကသို့ မဝင်ပဲ ပြည်မြို့သို့ပြန်လာကာ သူ၏ ကိုယ်ပိုင်ဓာတ်ပုံဆိုင်လုပ်ငန်းကိုပဲ ဆက်လက်လုပ်ကိုင်ခဲ့ရာ အတော်ပင်စီးပွားဖြစ်ခဲ့ပါသည် ။ အဘိုးဦးဝိန်သည် ပြည်မြို့သား စာရေးဆရာဇဝနနှင့် ငယ်သူငယ်ချင်းဖြစ်ပြီး ဆရာဇဝနက သူ၏ ဆိုးပဝေတ္တုထဲတွင် ကျွန်တော့်အဘိုးနာမည် ကိုမောင်ဝိန်ဟု ထည့်သွင်း ရေးသားဖူးပါသည် ။

***

# ( ၂ )

ဦးဝိန်၏ ဇနီး ကျွန်တော့်အဘွားမှာ ဒေါ်သိန်းခင်ဟု ခေါ်ပြီး သူသည် အနုပညာသမားတစ်ယောက် မဟုတ်ပါ။ ရိုးသားအေးဆေးသော ရှေးအဖွားကြီးတစ်ယောက်ဖြစ်ပါသည် ။ သူသည် ရုပ်ပြစာအုပ်များ ဖတ်ရတာ အလွန်ဝါသနာပါသည် ။ အဘိုးကဓာတ်ပုံကူးရန် နေရောင်ခြည်

ကောင်းမကောင်း အဘွားကိုကြည့်ခိုင်းရာ အဘွားသည် နေရောင်ကိုကြည့်မပေးပဲ ကာတွန်းစာအုပ် ဖတ်နေသဖြင့် အဘိုးနှင့် တကျက်ကျက် စကားများ ရန်ဖြစ်ကြသည် ။ နောက်ထပ် အဘိုးတစ်ယောက်မှာ အမေဘက်မှ တော်ရသော အဘိုးဖြစ်သူ ဦးမြမောင်ဖြစ်သည် ။ ဘိုးဘိုးဦးမြမောင်သည် လည်း ပြည်မြို့မှ ပင်ဖြစ်သည် ။ သူသည် ဂီတတွင် ထူးချွန်လှသူဖြစ်သည် ။ မြန်မာ့ရိုးရာ တူရိယာအားလုံးနီးပါးကို ကျွမ်းကျင်စွာတီးနိုင်ရုံမက အနောက်တိုင်း တူရိယာ စန္ဒယားကို ကောင်းစွာတီးနိုင်ပါသည် ။ သူသည် ပြည်မြို့မှ ဆိုင်းဆရာကြီး ဦးလူလေး၏ တပည့်ဖြစ်သည် ။ ဦးလူကလေးထံတွင် မြန်မာ့ဆိုင်းပညာ လေ့လာသင်ယူရင်း ပညာစုံသောအခါ ဦးလူကလေးက တပည့်ဖြစ်သူအား သူ၏ သမီးဖြစ်သူ မစန်းကြည် (ကျွန်တော့်အဘွား)နှင့် လက်ဆက်ပေးခဲ့ခြင်းဖြစ်သည် ။ ဤနည်းဖြင့် အဘိုးသည် ဦးလူလေး၏ အရိုက်အရာကိုခံကာ ပြည်မြို့တွင် ဆိုင်းဆရာ၊ တီးဝိုင်းခေါင်းဆောင်တစ်ယောက် ဖြစ်လာပါသည် ။ အလှူ မင်္ဂလာပွဲ များ တွင် အဘိုးတို့ တီးဝိုင်းသည် ပြည်မြို့တစ်ဝိုက် ရပ်နီးရပ်ဝေးဒေသများ သို့ လိုက်လံဖျော်ဖြေတီးမှုတ်ရလေ့ရှိသည် ။ ဂျပန်ခေတ်တွင် ဒုတိယကမ္ဘာစစ် ကာလကြီးတွင် တီးဝိုင်းအလုပ်ကို ရပ်နားထားကာ တောထဲသို့ ပုန်းအောင်း၍ စစ်ဘေးတိမ်းရှောင်နေရသော ကာလမှာ ပင် အဘိုးဦးမြမောင်သည် တောထဲအထိ စန္ဒယားကြီးသယ်လာခဲ့သူ ဖြစ်သည် ။ အတီးအမှုတ် ဂီတမှ လွဲ၍ ဘာကိုမှ စိတ်မဝင်စားသူဖြစ်သည် ။ ထိုသို့ဂျပန်ခေတ် စစ်ပြေးနေရင်းရန်ကုန်တွင် ကန်တော်မိတ်ရုံ၊ မြိုင်ရုံ စသည် ဖြင့်ပြဇာတ်များ ကသောအခါ ရန်ကုန်မြို့မှ မိတ်ဆွေဖြစ်သူ ရွှေပြည်အေးနှင့် အဝေမ်းခင်မောင်တို့ က စန္ဒယားတီးရန်လူလွှတ်ပြီး လာခေါ်သဖြင့် အဘိုးဦးမြမောင်သည် ရန်ကုန်သို့လိုက်သွားကာ ပြဇာတ်ရုံများ တွင် စန္ဒယားဆရာအဖြစ် အသက်မွေးခဲ့ပါသည် ။ နောက်တော့

အဘိုးသည် ရန်ကုန်သို့ အပြီးပြောင်းသွားပြီး ပန်တျာကျောင်းတွင် ဆိုင်း နည်းပြဆရာဖြစ်လာပါသည် ။ အမေသာ အဖေနှင့် အိမ်ထောင်ကျပြီး ဖြစ်၍ ပြည်မြို့တွင် ကျန်နေရစ်ပါသည် ။ အဘိုးသည် ဂီတလောက၌ စန္ဒယားမြမောင် (ပြည်) ဟု နာမည်ကျော်ပါသည် ။ အဘိုးနှင့် အဘွားတွင် သားသမီးကိုးဦးထွန်းကားရာ ကျွန်တော်အမေသည် နံပါတ်(၂)ဖြစ်ပြီး ယခုအခါ အဆိုပြိုင်ပွဲများ တွင် ဒိုင်လုပ်နေသော ခင်မြတ်မွန်(ဟာမိုနီ)မှ နံပါတ်(၉) သမီးဖြစ်ပါသည် ။ ထို့ကြောင့် ခင်မြတ်မွန်နှင့် ကျွန်တော်မှာ တူအရီးတော်ပါသည် ။ ကျွန်တော်သည် သူ့ တူအရင်းဖြစ်ပါသည် ။ ဤသည် မှာ စကားစပ်၍ ပြောပြခြင်းဖြစ်ပါသည် ။

ကျွန်တော်သည် ဖခင်ဘက်မှ အဘိုးဦးဝိန်ကို မမီလိုက် မတွေ့လိုက်ဖူးပါ။ သို့သော်မိခင်ဘက်မှ အဘိုးဦးမြမောင်ကို သေသေချာချာ သိမီလိုက်ပါသည် ။ အဘိုးသည် ကျွန်တော်ကို အလွန်ချစ်ပါသည် ။ ကျွန်တော်သည် ဝက်သားဆီပြန်ဟင်းကို အလွန်ကြိုက်မှန်းသိသဖြင့် အမေရန်ကုန်လာလည်လျှင် အဘိုးသည် ဈေးသို့သွားကာ ဝက်သားကောင်းကောင်း ဝယ်ပြီး သူကိုယ်တိုင်ချက်ကာ လေးဆင့်ချိုင့်နှင့် ထည့်ပြီး ကျွန်တော် စားရန် တကူးတကပြည်မြို့သို့ ပို့ပေးတတ်ပါသည် ။ ကျွန်တော်သည် အဘိုးပေးလိုက်သော ဝက်သားဟင်းများကို မည်သူ့မှ မကျွေးပဲတစ်ယောက်တည်း မောင်ပိုင်စီးထားရာ အိမ်သားများ သည် ထိုဝက်သားဟင်းကို စားလိုပါက ကျွန်တော့် အလစ်တွင် ခိုးစားရပါသည် ။ စန္ဒယားတီးခြင်းအပြင် အဘိုးဝါသနာပါသည် မှာ ဟင်းချက်ချင်းနှင့် ဘောလုံးပွဲကြည့်ခြင်း ဖြစ်ပါသည် ။ အောင်ဆန်းကွင်းတွင် ကျင်းပသော တိုင်းနှင့် ပြည်နယ် ဘောလုံးပွဲများ သို့ အဘိုးသည် အမြဲသွားရောက်ကြည့်ရှုပြီး တစ်ခါတရံလည်း လောင်းတတ်ပါသည် ။ တစ်နေ့တွင် ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းအသင်းတို့ ဗိုလ်လုပွဲကန်ကြရာ အဘိုး

သည် ပြည်သားဖြစ်သဖြင့် ပဲခူးတိုင်းဘက်က ပါသမျှငွေအကုန်လောင်းရာ ပွဲပြီးသော် ပဲခူးအသင်းရှုံးသဖြင့် လောင်းကြေးကုန်ရုံမျှမက နိုင်လျှင် တီးလိုက်မဟဲ့ဟု ဝင့်ကြွားစွာယူလာခဲ့သော ရကွင်းကြီးကို လွယ်အိတ်ထဲမှာ ထည့်၍ ခပ်လျှိုလျှို ပြန်လာရပေသည် ။ အိမ်ရောက်တော့ ကျွန်တော့် အဘွားက လခထုတ်ရက် ပိုက်ဆံမအပ်သဖြင့်မေး၏။

" ကိုမြမောင် လခတွေရော "

" ကုန်ပြီ ပြောင်ပြီ .. ဘောလုံးပွဲလောင်းလိုက်ပြီ .."

" ကုန်ရင် မစားကြနဲ့ ဘာမှ မချက်ဘူး အငတ်နေကြ " ဟု အဘွားက စိတ်ဆိုးပြီး ပြောသည် ။ နောက်နေ့တွင် တော့ အဘိုးသည် စန္ဒယားတီးသင်ချင်သော သူများကိုအိမ်တွင် လိုက်သင်ပေးရာမှ ရသောပိုက်ဆံများကို အဘွားအားအပ်ပြီးချော့ပါသည် ။ အဘိုးသည် အရက်သေစာသောက်စားခြင်းမရှိ။ သို့သော် ဆေးပြင်းလိပ်ကိုတော့ အလွန်နှစ်သက်သည် ။ ထိုသို့သော အေးအေးလူလူ ပျော်ပျော်နေတတ်သော အဘိုးသည် အသက် ၆၇နှစ် ခဏ့်တွင် ဦးနှောက်သွေးကြောပြတ်သော ရောဂါဖြင့် ရုတ်တရက် ကွယ်လွန်သွားပါသည် ။ အဘိုးဆုံးသည် ဟု ပြည်ကိုဖုန်းလာတော့ အမေသည် အိမ်မှာ မရှိ ဈေးသို့သွားနေပါသည် ။ အိမ်တွင် လူကြီးလူကျယ်လုပ်နေသူမှာ အသက်ရှစ်နှစ်သားပဲရှိသေးသည့် ကျွန်တော်ဖြစ်သည် ။ ကျွန်တော်သည် ငယ်သေးသဖြင့် ဤသတင်းသည် မင်္ဂလာသတင်းလား။ အမင်္ဂလာသတင်းလားမသိ ဈေးသွားသော အမေအိမ်ပြန်လာအောင် မစောင့်ဆိုင်းတော့ပဲ ဈေးထဲသို့ပြေး လိုက်လေ၏။ ဈေးထဲသို့ရောက်၍ အမေ့ကိုတွေ့လျှင် ပြောသင့် မပြောသင့်မှန်းမသိ အမေရင်ကွဲမည့် သတင်းကို ဤသို့အားရပါးရ ပြောချ လိုက်လေ၏။

" အမေ့ရေ.. အမေ့ရေ သိလား ရန်ကုန်ကဖုန်းလာတယ် ဘိုးဘိုးကြီး

ရယ်ဆုံးပြီဗျ ..”

ကျွန်တော့်စကားဆုံးလျှင် အမေသည် ဈေးထဲမှာ ပင် မူးမေ့ လဲကျသွားလေသည် ။

***

၄ယ်ဘ၀

ကျွန်တော် သိတတ်စအရွယ်သို့ ရောက်လျှင် အိမ်၏ စီးပွားရေးမှာ ကျဆင်းနေပေပြီ။ ကျွန်တော်တို့ တွင် ညီအစ်ကိုမောင်နှမ ခုနစ်ယောက်ရှိရာ နံပါတ်(၁) မာလာဝေ၊ နံပါတ် (၂) နီလာဆွေ၊ နံပါတ်(၃) အောင်ကြည်စိုး တို့ သည် ရွှေပေါ်မြတင်နေခဲ့ကြရ၏။ ထိုစဉ်က ကျွန်တော့်အဘိုးဦးဝိန် ရှိသေးသည် ။ အဘိုးမှာ သူ၏ အစ်ကိုများက ချမ်းသာသူများ ဖြစ်သည့် အပြင် သူကိုယ်တိုင်လည်း ဓာတ်ပုံဆိုင်ဖွင့်၍ စီးပွားအရှာတော်သဖြင့် ကျွန်တော့် အစ်မနှစ်ယောက်နှင့် အစ်ကိုကြီးလက်ထက်မှာ အလွန်အဆင်ပြေခြင်းဖြစ်သည် ။ ကျွန်တော် လူမှန်းသိတတ်စအရွယ်တွင် အိမ်၏ အခြေအနေမှာ အတော်ဆိုးနေ၏။ အစ်မကြီး မာလာဝေမှာ ကျွန်တော်တို့ ဘေးအိမ်မှ ကိုအောင်မင်းနှင့် လိုက်ပြေးသွားသဖြင့် အိမ်တွင် မရှိပါ။ မကြာမီ အစ်မနံပါတ် (၂)သည် လည်း အိမ်မှ ထွက်ခွာကာ အစ်မဖြစ်သူ မာလာဝေနှင့် သွားရောက်နေထိုင်သဖြင့် အိမ်၌ မရှိတော့ပါ။ အိမ်၌ ကျွန်တော်တို့ ၏ နံပါတ်(၃) ဖြစ်သောအစ်ကို ကိုအောင်ကြည်စိုး မှာ အကြီးဆုံးဖြစ်နေပါသည် ။ ထိုအချိန်တွင် အဘိုးဦးဝိန်လည်း ကွယ်လွန်ခဲ့ပါပြီ။ ဦးဝိန်၏ အစ်ကိုများ လည်း ကွယ်လွန်ခဲ့ပြီဖြစ်ရာ ကျန်သောမျိုးဆက်များ နှင့် ကျွန်တော်တို့ အိမ်သည် အဆက်အစပ်မရှိလှတော့ပါ။ ထို့နောက် အဘိုးဦးဝိန်၏ ဇနီးဖွားဖွားဒေါ်သိန်းခင် ကွယ်လွန်ပါသည် ။ အဖွားဆုံးသောအခါ ဘိုးဘွားပိုင်ပစ္စည်းများကို အမွေခွဲရန် ကျွန်တော့်အဖေ၏ အစ်မဖြစ်သူ ဒေါ်မြရှင်နှင့် အဖေ၏ ညီဖြစ်သူ ဦးတာတို့ ရောက်လာပါသည် ။ ကျန်ခဲ့သည် မှာ အတွင်းပစ္စည်းအချို့၊ ကျွန်တော်

တို့ ယခုနေသော ဆံတော်ရပ် မြောက်စောင်းတန်းလမ်းမကြီးမှ အိမ်တစ်လုံး၊ ပြည်မြို့စစ်ကဲလမ်းမှ ခုနစ်ခန်းတွဲ အိမ်တန်းလျားတို့ ဖြစ်ပါသည် ။ အဖေသည် ရှည်ရှည်ဝေးဝေး ပြောမနေပေ။ ယခု လက်ရှိအိမ်ကိုရလျှင်တော်ပြီ မမတို့ အတာတို့ ကျန်တာတွေယူလိုက်တော့ဟု ပြောသဖြင့် လက်ရှိနေထိုင်သော အိမ်တစ်လုံးတွင် ဆက်နေရခြင်းမှ လွဲ၍ ကျွန်တော်တို့ တွင် ဘာမှ ဟုတ်ဟုတ်ငြားငြားမရလိုက်ပါ။ အံတီမမြရှင်နှင့် ဦးလေးဦးတာတို့ မှ အိမ်ခန်းတွဲရော လက်ဝတ်ရတနာအချို့ကိုပါ ခွဲယူရသဖြင့်အဖေ့ထက် ပိုရပါသည် ။ သို့သော် သူတို့ မောင်နှမခြင်း ကျေနပ်၍ ခွဲဝေကြခြင်းအတွက် အမေသည် ဘာတစ်ခွန်းမှ ဝင်မပြောပါ။



သရဝက်(ပြည်) သုံးနှစ်အရွယ်က

အဖေသည် ဓာတ်ပုံဆိုင်ကိုဖွင့်တင်၍ သတင်းထောက်တစ်ယောက် အဖြစ်သာ မိုးလင်းမှ မိုးချုပ် အပြင်ထွက်နေတာ များ ပါသည် ။ အိမ်တွင် လူကြီးမှာ ကိုအောင်ကြည်စိုး နှင့် အစ်မ မသီတာ တို့ သာဖြစ်ပါသည် ။ ကိုအောင်ကြည်စိုးမှာ အသက် ၂၀ ခဏ့် မသီတာမှာ အသက် ၁၄ နှ

စ်ခဏ့်၊ အောင်အောင်သည် အသက် ၁၂ နှစ်ခဏ့်၊ ကျွန်တော်သည် ၁၀ နှစ်ခဏ့် ရှိမည်ထင်ပါသည် ။ အမေသည် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရစေရန် စစ်ကဲလမ်းနှင် လမ်းမတော် လမ်းထောင့်တွင် ဆီချက်ခေါက်ဆွဲဆိုင် ထွက်၍ ရောင်းပါသည် ။ မနက်မိုးလင်းလျှင် အမေသည် ဈေးခြင်းတောင်းကြီးနှစ်လုံးကို ဆိုက္ကားနှင့် တင်၍ ခေါက်ဆွဲဆိုင်ရှိရာသို့ တစ်ယောက်တည်း ထွက်သွားပါသည် ။ အမေ့တွင် ကူဖော်လောင်ဖက်ဟူ၍ မရှိပါ။ စားပွဲထိုးအလုပ်သမား ဟူ၍ လဲမရှိပါ။ ဆိုင်ခင်းတော့လဲအမေ။ ဆိုင်သိမ်းတော့လည်း အမေ၊ ဈေးရောင်းတော့လည်း အမေ၊ စားပွဲထိုးလည်း အမေ၊ ချက်ပြုတ်တော့လည်း အမေပင်ဖြစ်ရာ အမေသည် အတော်အလုပ်လုပ်နိုင်သော အမျိုးသမီးတစ်ယောက်ဖြစ်သည် ။ ယခုအခါပြန်တွေးကြည့်သောအခါ အမေ့ကို အလွန်သနားမိပါသည် ။ ထိုစဉ်ကတော့ အမေအိမ်မှ ထွက်သွားသည် နှင့် ကလေးပီပီ ကစားရန်ပဲ အာရုံရောက်နေပါသည် ။ အမေသည် သားသမီးများ ထမင်းစားရန် ထမင်းတစ်အိုးချက်ထားပြီး ဟင်းကိုမူ ဆိုင်မှ ဝယ်စားရန် ပိုက်ဆံပေးခဲ့ပါသည် ။ တစ်ယောက်လျှင် ငါးမူးနှန်းပေးခဲ့ပါသည် ။ ငါးမူးဆိုသည် မှာ တစ်ကျပ်၏ ထက်ဝက်ဖြစ်ပြီး ထိုပိုက်ဆံဖြင့် ခရမ်းသီးနှပ်တစ်လုံး (သို့မဟုတ် ) ဘဲဥချဉ်ရည်ဟင်း တစ်ခြမ်းရပါသည် ။ တကယ်ဆိုလျှင် ထိုပိုက်ဆံမှာ ကလေးတစ်ယောက်အတွက် အတော်စားလောက်ပါသည် ။ သို့သော် မိဘအုပ်ထိမ်းမှုမရှိတော့သော ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်သည် ထိုပိုက်ဆံကို ဟင်းဝယ်မစားပဲ သရေကွင်းပစ်ခြင်း၊ ကျောက်ဒိုးရိုက်ခြင်း ၊ ကားဘူးထပ်ခြင်း၊ ပိုက်ဆံကိုထောင်၍ သံလုံးဖြင့်ပစ်ခြင်း စသည် များကို တစ်နေကုန်မရိုးအောင် ဆော့ပစ်သည် ဖြစ်ရာ ဟင်းကောင်းကျွေးကောင်းနှင့် စားရသည့် နေ့လည်း ရှိ ဖြစ်သလို ရှိသမျှနှင့် စားရသည့် နေ့လည်း ရှိ၏။ အမေကတော့ ထိုအဖြစ်အပျက်ကို မသိပေ။ သူပိုက်ဆံ

ဝေခြမ်းပေးခဲ့သည် ကို ကျွန်တော်တို့ မှန်မှန်စားရသည် ဟု ပင် ထင်နေလေသည်။

***

## အစ်ကိုကြီးကို သတ်ရန်ကြံကြခြင်း

ထိုစဉ်က အိမ်တွင် အဖေ အမေ မရှိသောအခါ အကြီးဆုံးမှာ အစ်ကိုကြီးအောင်ကြည်စိုးသာ ဖြစ်သည် ။ သူ့ကို မောင်နှမ အငယ်သုံးယောက်ဖြစ်သော မသီတာ၊ အောင်အောင်နှင့် ကျွန်တော်တို့ သည် ဖိန့်ဖိန့်တုန်အောင် ကြောက်ရလေ၏။ သူသည် ကျွန်တော်တို့ ကို စိတ်မထင်လျှင် မထင်သလို နားရင်းအုပ်ခြင်း၊ ဝါးခြမ်းပြားဖြင့် ရိုက်ခြင်း၊ ရေတိုင်ကီထဲသို့ ပစ်ချခြင်း စသည် ဖြင့် မိဘကွယ်ရာတွင် နှိပ်စက်တတ်သည် ဖြစ်ရာ ကျွန်တော်တို့ ကို ဗိုလ်ကျစိုးမိုးနေသော အစ်ကိုကို ကျွန်တော်တို့ အလွန်မုန်းကြလေ၏။ တစ်နေ့တွင် ကျွန်တော်တို့ မောင်နှမသုံးယောက်သည် တိုင်ပင်ဆွေးနွေးကြလေကုန်၏။ ကျွန်တော်တို့ က သူ့ကို ကိုကိုဟု ခေါ်၏။ အစ်မဖြစ်သူ မသီတာက ဤသို့စတင်နှီးနှောသည် ။

“ ငါတို့ ဒီလိုတော့နေလို့ မဖြစ်ဘူး ကိုကိုဟာ ငါတို့ ကို အင်မတန်အနိုင်ကျင့်တယ် ”

“ ဟုတ်တယ်ငါလဲ မခံချင်လို့ နေ့တိုင်း အလေးတွေမနေတာပဲ ကြီးလာလို့ အရွယ်တူတာနဲ့ ပြန်ချမယ် “ ဟု အောင်အောင်က သူ၏ သံမဏိဒွာန်ကိုမြွက်ဟ၏။

“ ကောင်းတယ် နင်တို့ နှစ်ယောက် လုပ်တာကို ဘာပဲဖြစ်ဖြစ် ငါလဲ ပါမယ်၊ ဒီလိုလုပ်ပါလား ကြီးတဲ့ အထိ စောင့်မနေနဲ့ အခုပဲ ဉာဏ်ထုတ်ပြီး သတ်ပစ်လိုက်ပါလား “ ဟု ကျွန်တော်ပိစိကွေး အသေးဆုံးလေးက အကြံပေးသည် ။



ကျွန်တော်တို့မောင်နှမခုနစ်ယောက်နှင့် မိခင်ကြီး

" ဟုတ်တယ် အဲဒီအကြံကောင်းတယ် " ဟု မသီတာက ဝမ်းသာအားရ ထောက်ခံသည် ။

" အဲဒါဆိုဘယ်လိုလုပ်ကြမလဲ " ဟု အောင်အောင်ကမေးသည် ။

" အဆိပ်ခပ်ရင်ကောင်းမယ် ထင်တယ် ငါက ထမင်းပြင်ကျွေးရတာဆိုတော့ လုပ်ရတာလွယ်တယ် " ဟု မသီတာက နည်းစနစ်ကိုညွှန်ပြ၏။

" အဆိပ်က ဘယ်ကရမလဲ"

"အေးဟ "

ဆင်ပြောင်ကြီး အမြီးကျမှ တစ်ဆိုသလို ကျွန်တော်တို့ ၏ စီမံကိန်းသည် လက်တွေ့အသုံးချရမည့် အခိုက်ကကုန်ကြမ်း ပြတ်လပ်လျက်ရှိ၏။ ယခုအခါ ပြန်တွေးကြည့်လျှင် ရယ်စရာဖြစ်သော်လည်း ကလေးအရွယ် စဉ်းစားဉာဏ်မရှိမီ ထိုအချိန်တွင် ကျွန်တော်တို့ လက်ထဲတွင် အဆိပ်သာတကယ်ရှိခဲ့ပါက လုပ်ကြံမှုမှာ တကယ်ဖြစ်ကောင်း ဖြစ်ခဲ့နိုင်ပေ

မည်။

အဆိပ်ပြသနာကို မသိတာက ကလေးသာသာ ဉာဏ်ဖြင့် အကြံပေးသည် မှာ -

“ ငါကြားဖူးတာကတော့ တောက်တဲ့ ချေးစားရင် သေတတ်တယ်တဲ့ ၊ တောက်တဲ့ ချေးဟာ အဆိပ်တဲ့ ဟ၊ အဲဒီတော့ ညီညီနဲ့ အောင်အောင်၊ နင်တို့ နှစ်ယောက်က ရပ်ကွက်ထဲမှာ တောက်တဲ့ ချေးရအောင် လိုက်ရှာကြ၊ ရလာရင် ကျွေးဖို့ က ငါတာဝန်ယူတယ် ”

“ ကောင်းတယ်၊ကောင်းတယ် ”

ဤသို့ဖြင့် နောက်နေ့တွင် ကျွန်တော်နှင့် အစ်ကိုဖြစ်သူ အောင်အောင်သည် သစ်ပင်တကာ သစ်ပင်ရှိသမျှ၊ သစ်ခေါင်းမကျန်၊ သစ်ပင်ခွဆုံမရှောင် တောက်တဲ့ ချေးများ တွေ့မလားဆို လိုက်ရှာရာ ကံဆိုးပါက မြွေနှင့် တွေ့ပြီး ငယ်ငယ်ရွယ်ရွယ်နှင့် ကိစ္စချောနိုင်လေသည် ။ ယခုမူ ကျွန်တော်တို့ ရော သေကံမပါ၊ ကျွန်တော့်အစ်ကိုကြီးလဲ အဆိပ်ဖြင့် လုပ်ကြံခံရမည့် ဇာတာပါမလာရကား ကျွန်တော်တို့ သဲကြီးမဲကြီး ရှာဖွေနေသော တောက်တဲချေးကို ရှာမတွေ့ပဲ စီမံကိန်းကြီး လေထဲမှာ အငွေ့ပျံကွယ်ပျောက်သွား၏။ ကျွန်တော်တို့ ၏ လုပ်ကြံသတ်ဖြတ်မှု စီမံကိန်းကိုလည်း အစ်ကိုကြီးသည် တစ်စွန်းတစ်စ ကြားသိသွားသည် ထင်သည် ။ ကျွန်တော်တို့ ကို ထိုအခါမှ စကာ ယခင်လိုသိပ်ပြီး အနိုင်မကျင့်တော့ပေ။

***

# လက်ဘက်ရည်ထဲ သဲ ထည့်မိခြင်း

မကြာခင်ခင်နှစ်များက ကျွန်တော်သည် လက်ဘက်ရည်တစ်ခွက် ကိတ်မုန့် ကွတ်ကီးမုန့်စသည် တို့ ကို လင်ပန်းထဲတွင် ထည့်၍ ကျွန်တော်၏ မြောက်ဥက္ကလာအိမ်တွင် မိခင်ကြီး ဒေါ်မြင့်မြင့်အား ရှိခိုး ကန်တော့ကာ ဤသို့တောင်းပန်ခဲ့ပေ၏။

“ အမေခင်ဗျား ငယ်စဉ်ကလေးဘဝက ကျွန်တော်သည် အမေသော က်မည့် လက်ဘက်ရည်ထဲတွင် သဲထည့်၍ တိုက်မိပါသည် ။ ကလေးပီပီ မသိနားမလည်၍ ပြုမိမှာ းခြင်းကို ယခုအခါ နောင်တကြီးစွာရသဖြင့် ရှိ ခိုးကန်တော့ကာ တောင်းပန်ပါသည် ။ အပြစ်မှ သည်းခံခွင့်လွှတ်ပါ ”

ထိုအခါ မိခင်ကြီးသည် ကျွန်တော့်အား ဤသို့ပြော၏။

“အေးအေး မသိမလိမ်မာလို့ ကလေးဘဝက လုပ်မိလုပ်ရာလုပ်ခဲ့ တာ အမေဗွေမယူဘူး ခွင့်လွှတ်ပါတယ်၊ အမေကလဲ ခိုင်းမိတာကိုး ”



အမေနှင့်ကျွန်တော်

ဤဇာတ်လမ်း၏ အစသည် ဤသို့ ဖြစ်၏။ လွန်ခဲ့သောနှစ်ပေါင်း ၃၇ နှစ်ခန့်က ဖြစ်မည်ထင်သည် ။ ကျွန်တော်သည် ၁၉၆၈ မေလ (၁၄)ရက် အင်္ဂါနေ့တွင် မွေးဖွားခဲ့သည် ဖြစ်ရာ ထိုစဉ်ကာလများ သည် ကျွန်တော့်အသက် ၁၀ နှစ်ခန့် ၁၉၇၈ ခုနှစ်လောက်က ဖြစ်ပေလိမ့်မည်။ ထိုနေ့က ကျောင်းပိတ်ရက်ဖြစ်သဖြင့် ကျွန်တော်တို့ တစ်ရပ်ကွက်လုံးမှ ကလေးများ သည် တပြုံတမကြီး ကစားဝိုင်းဖွဲ့နေကြ၏။ ကျောက်ဒိုးပစ်သူပစ်၊ သရေကွင်းပစ်သူကပစ်၊ ကားပူးထပ်သူကထပ်ဖြင့် တစ်ယောက်တစ်မျိုး မရိုးရအောင် ဆော့နေကြလေသည် ။ ကျွန်တော်လည်း အိမ်ရှေ့တွင် သူငယ်ချင်းများ နှင့် သရေကွင်းပစ်တမ်း ဆော့နေပေသည် ။ အချိန်ကနေ့လည်ဘက် ဖြစ်သည် ။ ထိုအချိန်တွင် ကျွန်တော်သည် သရေကွင်း အတော်များများ ရှုံးနေ၏။ သို့သော် တစ်ချီတွင် မူ အနီးအဝေး နေရာဦးထားသောစနစ်အရ အဝေးဆုံးသူမှ အနီးဆုံးသူစသည် ဖြင့် တစ်ယောက်ပြီးတစ်ယောက် ကိုယ့်အလှည့်နှင့် ကိုယ်ပစ်ရမည်ဖြစ်သည်

။ မြေကြီးပေါ်တွင် လေးထောင့် အကွက်လေးကိုဒုတ်နှင့် ခြစ်ကာထိုအထဲတွင် ပုံထားသော သရေကွင်းပုံကြီးမှာ ဟီးနေ၏။ အပွဲပွဲရှုံးခဲ့သမျှ ဤတစ်ပွဲတွင် အကုန်သိမ်းလိုက်နိုင်ပါက ကျွန်တော်ရှုံးထားသော အရှုံးကိုကာမိရုံသာမက အမြတ်ပင်ထွက်နိုင်ပေ၏။ထို့ကြောင့် ဤပွဲသည် ကျွန်တော့်အတွက်အဆုံးအဖြတ် Decisive Game ဖြစ်နေပေသည် ။ ကျွန်တော်သည် အခြေအနေကောင်းနေ၏။ တစ်ယောက်ပြီးတစ်ယောက် ပစ်လာလိုက်တာ တစ်ယောက်မှ မမှန်၊ အားလုံးလွဲချော်ကြသည် ။ မကြာမီ ကျွန်တော့်အလှည့် ရောက်လာတော့မည်။ ကျွန်တော့်အနေနှင့် ဤမျှလောက်သော အကွာအဝေးကို ဘယ်လိုပဲပစ်ပစ် မှန်မှာသေချာသည် ။ အောင်ပွဲသည် လက်တစ်ကမ်းမှာ ပင် လိုတော့သည် ။ ထိုအချိန်တွင် ကျွန်တော့်အမေ၏ အသံထွက်ပေါ်လာသည် ။

" ညီညီ ရေ လက်ဘက်ရည်သွားဝယ်ပါကွယ် "

ကျွန်တော့်အမေသည် လက်ဘက်ရည် အလွန်ကြိုက်သည် ။ နံနက်တစ်ခွက်၊ နေ့လည်တစ်ခွက်၊ ညတစ်ခွက် အနည်းဆုံးတစ်နေ့ သုံးခွက်သောက်လိုက်ရမှ ကျေနပ်သည် ။ ခါတိုင်းနေ့များ တွင် ဖင်ပေါ့စွာ လက်ဘက်ရည် ဝယ်ပေးလေ့ရှိသော ကျွန်တော်သည် ကိုယ့်အပူနှင့်ကျွန်တော်ဖြစ်နေသဖြင့် ယခုဝယ်မပေးချင်။

" အောင်အောင့်ကို ဝယ်ခိုင်းပါလားအမေ " ဟု ပြောလိုက်သည် ။ ထိုအချိန်တွင် အောင်အောင်က အိမ်တွင် မရှိ။ နောက်ဖေးလမ်းသို့ သွားကာ ကစားနေသည် ။

" ဒါဆိုခဏစောင့်ဦးအမေ ဒီတစ်ပွဲပြီးတော့ ဝယ်ပေးမယ် "

" မရဘူး အခုသွားမလား မသွားဘူးလား "

ကျွန်တော့်အမေသည် ကျွန်တော်တမင်သက်သက် ကပ်နေခြင်းဟု

ယူဆကာ ချက်ချင်း သွားဝယ်ခိုင်းသည် ။ ကစားပွဲမှ ကျွန်တော်ထွက်လျှင် နောက်လူက အလှည့်ကျော်ကာ ကျွန်တော့် သရေကွင်းပုံကြီးကို စားသွားတော့မည် ဖြစ်သည် ။ ကျွန်တော်သည် အလွန်စိတ်ဆိုးဒေါသဖြစ်ကာ ကစားဝိုင်းမှ ထလာခဲ့၏။ ထိုစဉ်က လက်ဘက်ရည်ဝယ်ရသည်မှာ ယခုခေတ်လို ကြွပ်ကြွပ်အိတ်နှင့် မဟုတ်။ ဒန်ချိုင့်နှင့် ကိုယ့်ချိုင့်ကိုယ်ဆွဲကာ ဝယ်ရခြင်းဖြစ်သည် ။ ကျွန်တော်သည် အိမ်နှင့် မနီးမဝေးရှိ စေတနာကဖီးဆိုသောဆိုင်မှ လက်ဘက်ရည် ချိုင့်ဆွဲဝယ် လာပြီး ပြန်လာခဲ့သောအခါ မိခင်ကြီးကိုအလွန်ပင် မကြေမနပ်ဖြစ်လျက်ရှိသည် ။ ငါဝယ်ပေးတာ သောက်ကောင်းလို့ ခဏခဏခိုင်းနေတာပဲ သောက်မကောင်းအောင် လုပ်လိုက်ရင် နောက်ဆိုငါ့ကို ခိုင်းတော့မှာ မဟုတ်ဘူး ၊ ဒါဆို ငါ ကျောက်ဒိုး ကောင်းကောင်း ရိုက်လို့ ရမယ်။ သရေကွင်းကောင်းကောင်း ပစ်လို့ ရမယ် ဟု စဉ်စားမိကာ လမ်းဘေးမှ သဲများကို လက်တစ်ဆုပ်ခဏ့်ယူ၍ လက်ဘက်ရည် ချိုင့်ထဲသို့ ထည့်လိုက်ပါသည် ။ ထို့နောက် ဘာမှ မဖြစ်သလိုပင် ခပ်တည်တည် မိခင်ကြီးအားပေးလိုက်၏။ ခဏအကြာတွင် မိခင်ကြီးထံမှ

“ ဝေ့် အမလေး လက်ဘက်ရည်ထဲမှာ သဲတွေတော့ ဟဲ့ညီညီလာ စမ်း ဒါနင့်လက်ချက်မဟုတ်လား ”

“ ဟုတ်တယ်အမေ ”

“ ဘာဖြစ်လို့ အဲဒီလိုလုပ်တာလဲဟဲ့ ”

“ ကျွန်တော် ကစားနေတုန်း အမေအတင်းသွားခိုင်းတာနဲ့ သရေကွင်းတွေရှုံးကုန်ပြီ၊ အဲဒါကြောင့် နောက်မခိုင်းအောင် ထည့်လိုက်တာ ”

အမေသည် ဒေါသဖြစ်ဖြစ်ဖြင့် ကျွန်တော့်ကို ဆော်ပလော်တီးပါသည် ။ နောင်အခါ ကျွန်တော့်ကိုခိုင်းတော့မည် ကြံလျှင် “သား အားပြီ

လား၊ လက်ဘက်ရည် သွားဝယ်ချေ “ ဟု ချော့ချော့မော့မော့ ခိုင်းရပါတော့သည် ။ ထို့ကြောင့် ကြီးပြင်းလာသောအခါ မိမိပြုခဲ့သော အကုသိုလ်ကံကို ထိတ်လန့်လျက် မိခင်ကြီးအား ကန်တော့လျက် ဝန်ချတောင်းပန်ရခြင်းဖြစ်သည့် ။ တောင်းပန်လိုက်၍ သာ တော်တော့သည် ၊ ကျွန်တော်သည် ဝင့်လိုက်သည် လားမသိ တစ်ခါက အစ်မနီလာဆွေ အိမ်တွင် ရေဗူးတစ်ဗူးကို ယူ လာပြီးအားရပါးရ မော့ချလိုက်ရာ ပါးစပ်ထဲရောက်မှ ဓာတ်ဆီတွေဖြစ်နေကြောင်း သိရသဖြင့် အလျင်အမြန် ထွေးထုတ်လိုက်ရလေသည် ။ ကံကောင်းသဖြင့် ဗိုက်ထဲသို့ မျိုမချမိချေ။ သူကဓာတ်ဆီပုလင်းကို ရေသန့်ဗူးထဲတွင် ထည့်ထားရာ ကျွန်တော်က မမေးမစမ်းပဲ ကောက်မော့လိုက်ခြင်း ဖြစ်ပေသည် ။ ထိုမျှနှင့် ပင် ဝင့်ကြွေးကြေသွားသဖြင့် ဝမ်းမြောက်ရပေသည် ။

***

# ကျွန်တော်၏ သူငယ်ချင်းများ

ကျွန်တော့်ကို မွေးဖွားကျင်လည်ရာ အရပ်သည် ပြည်မြို့၊ ဆံတော်ရပ် မြောက်စောင်းတန်းလမ်း ဖြစ်သည် ။ ကျွန်တော်တို့ ရပ်ကွက်တွင် မြောက်စောင်းတန်းလမ်း၊ ညောင်စင်တန်း၊စာတိုက်တန်းဟူ၍ လမ်းသုံးလမ်းရှိရာ ကျွန်တော်သူငယ်ချင်းများမှာ ထိုလမ်းသုံးလမ်းစလုံးမှ ဖြစ်သည် ။ ကျွန်တော်၏ ငယ်ဘဝတွင် အလွန်ခင်ရသော သူငယ်ချင်းများ စွာရှိရာထိုအထဲကမှ ကျွန်တော်နှင့် အမြဲမခွဲပဲတတွဲတွဲ ပေါင်းသင်းနေသော သူငယ်ချင်းများမှာ ဇော်မြင့်၊ အသဲ၊ ပေါင်မုန့်ကြီး မင်းမင်း၊ ခင်မောင်တာတို့ ဖြစ်သည် ။ ဇော်မြင့်မှာ ကျွန်တော်နှင့် အိမ်နီးချင်းဖြစ်သည် ။ သူတို့အိမ်နှင့် ကျွန်တော်တို့ အိမ်မှာ နောက်ဖေးချင်းကပ်လျက် ဖြစ်သည် ။ ဇော်မြင့်နှင့် ကျွန်တော်မှာ အသက်အတူတူဖြစ်သည် ။ သို့သော် ဇော်မြင့်က လူကောင်ထွားသည် ။ သူနှင့် ကျွန်တော်၏ တူညီသောဝါသနာမှာ ငါးပက်ခြင်းဖြစ်သည် ။ ပြည်မြို့ရှိ မြောင်းကြိုမြောင်းကြား ချောင်းချိုချောင်းကြား မှန်သမျှ ကျွန်တော်နှင့် ဇော်မြင့် ငါးမပက်ဖူးသောနေရာ မရှိချေ။ ရသောငါးများကို ဈေးသို့သွားရောင်းသည် လည်း ရှိသည် ။ ကိုယ့်ဘာသာချက်စားသည် လည်း ရှိသည် ၊ အိမ်တွင် စဥ့် အိုးထဲထည့်ကာ မွေးထားသည် လည်း ရှိသည် ။ တကယ်တော့ ကျွန်တော်တို့ သည် ငါးကိုလိုချင်သဖြင့် ငါးမျှား ငါးပက်ကြခြင်းမဟုတ်၊ ငါးဖမ်းရတာ ငါးပက်ရတာ ဝါသနာကိုပါနေသဖြင့် လုပ်ကြခြင်းဖြစ်သည် ။ သူနှင့် ကျွန်တော်သည် မနက်ဘက် သူ့အိမ် ကိုယ့်အိမ်နောက်ဖေး၌ မျက်နှာခြင်းဆိုင်တွေ့လျှင် တစ်ယောက်ကိုတစ်ယောက် မျက်ရိပ်မျက်ကဲပြကာ နှီးဖြင့်ယက်လုပ်

ထားသော ရေပုံးအစုတ်ကလေးကို ကိုယ်စီကိုင်လျက် ငါးပက်၍ ကောင်းမည့် အကွက်အကွင်းရှိရာသို့ ထွက်လာကြစမြဲဖြစ်သည် ။ သူငယ်ချင်းနောက်တစ်ယောက်မှာ အသဲဖြစ်သည် ။ သူ့နာမည်အသဲမှာ နာမည်ရင်းမဟုတ် သူ့အမေက သားကိုချစ်လှသောကြောင့် အသဲဟု ခေါ်ခြင်းဖြစ်ပြီး ကျွန်တော်တို့ ကပါ ရောယောင်၍ အသဲဟု ခေါ်ခြင်းဖြစ်သည် ။ အသဲနာမည်အရင်းမှာ တင်မင်းကျော်ဖြစ်သည် ။ သို့သော် ကျွန်တော်တို့ က သူ့နာမည်ကိုဖျက်၍ ထမင်းကျော်ဟု ခေါ်သဖြင့် အသဲ နာမည်ပဲ တွင် ကျယ်လာခြင်း ဖြစ်သည် ။ အသဲသည် မျက်စေ့ပြူးပြူး၊ ဆံပင်ကောက်ကောက် အသံကျယ်ကျယ်နှင့် အမြဲတမ်းစတတ်နောက်တတ် ပျော်ရွှင်တတ်သည် (ယခုကွယ်လွန်ခဲ့လေပြီ) ပေါင်မုန့်ကြီး၏ နာမည်ရင်းမှာ မင်းမင်းဖြစ်သည် ။ သူသည် စာတိုက်တန်းလမ်းတွင် နေသည့် ကျောင်းဆရာ၏ သားဖြစ်သည် ။ သူ၏ မျက်နှာမှာ ပေါင်မုန့်ကြီးတစ်လုံးလို ဝိုင်းအိနေသဖြင့် အခြားမင်းမင်းများ နှင့် မမှား းစေရန် ပေါင်မုန့်ကြီးမင်းမင်းဟု ခေါ်ခြင်းဖြစ်သည် ။ ပေါင်မုန့်ကြီးသည် ဝဖိုင့်သော ခန္ဓာကိုယ်ရှိ၏။ (သူလည်း ယခုမရှိတော့ပြီ )။ နောက်တစ်ယောက်မှာ ခင်မောင်တာဖြစ်သည် ။ ခင်မောင်တာသည် ကျွန်တော်၏ ညီတစ်ဝမ်းကွဲတော်၏။ ကျွန်တော်ဦးလေး ဦးတာ၏ သားဖြစ်သည် ။ သူနှင့် ကျွန်တော်သည် ညီအစ်ကို ဆိုသော်လည်း သူငယ်ချင်းကဲ့သို့ မခွဲပဲ အမြဲတတွဲတွဲရှိကြပေကုန်၏။ (ခင်မောင်တာလည်း ဆုံးခဲ့လေပြီ )

ကျွန်တော်တို့ သူငယ်ချင်းများ သည် မနက်မိုးလင်းသည် နှင့် ပြည်မြို့တခွင်ပြဲပြဲစင် ကိုးကုန်းကိုးကျင်း နေရာအနှံ့ လျှောက်သွားကြပေ၏။ တစ်ယောက်ကသွားမယ်ဆိုလျှင် အခြားသူများက ပါပြီးသားဖြစ်သည် ။ ကျွန်တော်အစ်ကိုရင်း ကိုအောင်အောင်သည် လည်း သူ့မိတ်နှင့် သူပေါင်းသင်းရာ အသဲ၏ အစ်ကို ဇော်မင်းတိုးမှာ ကျွန်တော်အစ်ကို

အောင်အောင်နှင့် အတွဲမိဆုံးဖြစ်လေသည် ။ ကျွန်တော်တို့ သည် မိုးလင်းသည် နှင့် တစ်နေရာတွင် စုရုံးကြပြီး ယနေ့တစ်နေ့တာဘယ် သွား၍ ဘာလုပ်ကြမည်ကို တိုင်ပင်နှီးနှောကြ၏။

“ မင်းကြီးတောင်ပေါ်မှာ ဩဇာသီးတွေ မှည့်နေပြီကွ “ ဟု တစ်ယောက်က အကြံပေးလိုက်သည် နှင့် ကျန်သူငယ်ချင်းများ သည် “ အေးကောင်းတယ် သွားကြမယ် “ ဟု ထောက်ခံကြလေသည် ။ ထို့နောက် ကျွန်တော်တို့ သည် လွယ်အိပ်ကိုယ်စီ စလွယ်သိုင်းလွယ်လျက် လက်စွဲတော် လေးခွများကို ကိုယ်စီကိုင်လျက် ပြည်မြို့ တောင်ဘက်ရှိ မင်းကြီးတောင်ပေါ်သို့ ချီတက်ခဲ့ကြပေ၏။ မင်းကြီးတောင်ပေါ်တွင် ထိုခေတ်က စစ်ထောက်လှမ်းရေးရုံးလဲမရှိ၊ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံလဲမရှိ၊ ဝန်ထမ်းအိမ်ယာလဲမရှိ၊ အင်္ဂလိပ်ခေတ်က အိမ်ပျက်ကြီးများ နှင့် သစ်ပင်ဝါးပင်များ သာ ရှိသည် ။ ခြံသမားတချို့ စိုက်ပျိုးထားသော ဩဇာခြံများ လည်း ရှိသည် ။ အလေ့ကျပေါက်နေသော ဇီးပင်များ လဲ ရှိသည် ။ ကျွန်တော်တို့ ၏ အကြံမှာ ဩဇာခြံထဲသို့ခိုးဝင်ပြီး ဩဇာသီးများ ခူးကြရန် ဖြစ်သည် ။ တောင်စောင်းတွင် စိုက်ထားသော ခြံကြီးမှာ ကြီးမားလွန်းသဖြင့် လူအစောင့်လဲမရှိပေ။ ခြံစောင့်မှာ တောင်အောက်ဘက်တွင် နေလေ့ရှိသည် ။ ကျွန်တော်တို့ က တောင်ပေါ်မှ ပတ်ဝင်ကြခြင်း ဖြစ်သည် ။ ခြံထဲသို့ခိုးဝင်ရသည် မှာ မလွယ်။ အခင်းပိုင်ရှင်သိသွားပါက ဒူးလေးနှင့် လိုက်လံခြောက်လှန့် ပစ်ခတ်တတ်သည် ။ ကျွန်တော်တို့ သည် ခြံထဲသို့ ခိုးဝင်လိုက်ကြ၏။ ထို့နောက်သင့်တော်ရာရာ ဩဇာသီးများကို ရှာဖွေခူးပြီး လွယ်အိတ်ထဲထည့်ကြ၏။ ခြံထဲတွင် အလွန်ကြီးမားလှပသော ဩဇာသီးသုံးလုံးခဏ့်ရှိ၏။ ထိုအလုံးများကို ကျွန်တော်တို့ တစ်ယောက်မှ မခူးပေ။ အဘယ့်ကြောင့် ဆိုသော် ၎င်းအလုံးကြီးများ တွင် ကြိုးချည်ထားပြီး ခူးလိုက်သည် နှင့် တောင်အောက်ဘက်မှ ခြံပိုင်ရှင်ထံ

တွင် ရှိသော ခေါင်းလောင်း သွားမြည်မည်ဖြစ်သောကြောင့် ပင် ဖြစ်သည် ။ ကျွန်တော်တို့ အားလုံး ထိုစည်းကမ်းကို သိသည် ။ သို့သော် ယနေ့မှ အသစ်လိုက်လာသော အသဲက အဲဒါကိုမသိ။ ဩဇာသီး အလုံး အကြီးကြီးပိုင်ပြီဆိုပြီး ဆွဲခူးလိုက်သည် နှင့် ကြိုးတင်းသွားကာ ခေါင်း လောင်းသံ တချွင်ချွင်မြည်လေသည် ။

“ပြေးဟေ့

ပြေး

ကျွန်တော်တို့ အားလုံး ချက်ချင်းပြန်ပြေးထွက်ကြသည် ။ ကျွန်တော် တို့ နောက်ဘက်မှ ဒူးလေးနှင့် ပစ်လိုက်သော မြားများ တဝီဝီလိုက်လာ သည် ။ ခြောက်လှန့်ပစ်ခတ်တာလား တကယ်ပစ်တာလားတော့ မသိ။ ကျွန်တော်တို့ ကလေးတစ်သိုက် ဖနောင့်နှင့် တင်ပါး တသားတည်းကျ အောင် ပြေးကြသည် ။ အတန်ငယ်ပြေးမိသော် အန္တရာယ်ကင်းပြီဖြစ်၍ ခဏနားပြီး ဩဇာသီးများ ကတွတ်သီးများ ခွဲစားကြသည် ။ ထို့နောက် အပြန်လမ်းတွင် အိမ်သို့တန်းတန်းမတ်မတ် မပြန်ပဲ လျှိုမြောင် ချောက် ကမ္ဘားများကြားဝယ် အတွဲချောင်းကြသည် ။ ယခုတိုင်မှတ်မိနေသေးသ ည် မှာ သမီးရည်းစားအတွဲတစ်တွဲသည် လျှိုအောက်ဘက် တွင် ချိန်း တွေ့နေ၏။ ကျွန်တော်တို့ သည် သူတို့ နှစ်ယောက်၏ အပေါ်ဘက် က မ္ဘားစွန်းမှ ဝမ်းလျားမှောက်ကာ အောက်ဘက်သို့ ချောင်းကြည့်ကြ၏။ ကျွန်တော်တို့ နှင့် သမီးရည်းစားမှာ အပေါ်အောက် ဆယ်ပေခဏ့်ပဲကွာ ၏။ ထိုသို့ပုန်းလျှိုးကွယ်လျှိုး ကြည့်နေဆဲဝယ် ဖော်မင်းတိုးသည် အားမ ရသဖြင့်ရှေ့သို့ ထပ်တိုးလိုက်ရာ အရှိန်လွန်ပြီး အောက်သို့ပြုတ်ကျသွား ၏။ ပထမသော် သမီးရည်းစားနှစ်ယောက်သည် သူ့ရှေ့သို့ ဖုန်တလုံးလုံး နှင့် ကျလာသောအရာကိုဘာဟု မခွဲခြားတတ်သေးပေ။ ဖုန်များ လွင့်

သွားပါမှ ကလေးတစ်ယောက် ဖြစ်နေတာတွေ့သဖြင့် အားရပါးရရယ် လေသည် ။ ဇော်မင်းတိုးလဲရှက်ရှက်နှင့် ဘေးဘက်မှ ပါတ်ပြီးအပေါ်သို့ ပြန်တက်လာတော့သည် ။

တစ်ခါတစ်ရံတွင် ကျွန်တော်တို့ ကလေးတစ်သိုက်သည် ရပ်ကွက်ထဲ ရှိ မင်းတုန်းကျောင်းဟု အမည်ရသော ဘုန်းကြီးကျောင်းထဲတွင် စိုက်ပျိုးထားသော ကြံပင်များကို ဘုန်းကြီးမသိအောင် သွားရောက်ခိုး စားကြ၏။ ဤစွန့်စားခန်းတွင် မူ ကိုယ့်ရပ်ကွက်ထဲမှာ ပင်ဖြစ်သဖြင့် ဇော်မင်း၊ကျော်ပိ၊အောင်ကြီး၊ သက်ထွန်းနိုင်၊ ကာတွန်းစသော အခြားက လေးများ လဲပါ၏။ ကျွန်တော်တို့ သည် ဘုန်းကြီးကျောင်းထဲသို့ မသိမ သာအုတ်တံတိုင်းကို ကျော်ဝင်ပြီးသကာလ ဘုန်းကြီးစိုက်ထားသော ကြံ ခင်းထဲမှ ကြံတစ်ချောင်းကို ဆွဲနှုတ်ယူကာ လာလမ်းမတိုင်း အမြန်ပြန် ထွက်ရန်ဖြစ်သည် ။

ဘုန်းကြီးသည် နှစ်ထပ်ကျောင်းဆောင်အပေါ်ထပ်တွင် သီတင်းသုံး သည် ဖြစ်ရာ ကြံခင်းထဲသို့ ကျွန်တော်တို့ ဝင်လာသည် ကို မြင်သည် နှင့် ခွဖြင့်ဆော်လေ့ရှိသည် ။ ခိုးစားရသော သစ်သီးသည် ပို၍ ချိုမြန်သည် ဆိုသောစကားအတိုင်း ကျွန်တော်တို့ သည် ခိုးလာသော ကြံများကို တမြုံ့မြုံ့ဝါးလျက် ဘုန်းကြီးမြင်လို့ ဘယ်လိုပြေးရသည် ၊ ခွနှင့် ဆော်၍ ဘယ်လိုလွတ်အောင်ရှောင်ရသည် စသည် ဖြင့်ပြောကြရင်း ဝိုင်းဖွဲ့စား သောက်ကြရခြင်းမှာ အရသာထူးကြီးတစ်ခုသဖွယ် ဖြစ်ပေသည် ။ ကျွန် တော်တို့ သည် ဝယ်မစားနိုင်၍ မဟုတ်။ အပျော် လုပ်ကြခြင်းဖြစ်သည် ။

တစ်ခါတစ်ရံတွင် ဧရာဝတီမြစ်ကမ်းနားတွင် ရပ်ထားသောကုန်တင် လှေများ ပေါ်မှ ဖရဲသီးများကို ကျွန်တော်တို့ သွားနှိုက်ကြသည် ။ နေရာ မှာ ပြည်မြို့ ဈေးကြီးအနီး မြစ်ကမ်းနားတွင် ဖြစ်သည် ။ ဈေးသို့ဖရဲသီး

လာရောင်းသော ရွာသားများမှာ လှေကိုကမ်းနားတွင် ကပ်ထားခဲ့ပြီး ပွဲရုံသို့သွား၍ ဈေးဆိုင်နေကြ၏။ ကျွန်တော်တို့ သည် မြစ်ထဲမှ ခေါင်းပေါ်ရုံ တရွေ့ရွေ့လျှောက်ကာ လှေနဘေးသို့ရောက်သည် နှင့် ဖရဲသီးတစ်လုံးကိုနှိုက်ကာ လာလမ်းအတိုင်းမြစ်ထဲမှ တရွေ့ရွေ့ပြန်လာခဲ့သည် ။ ထို့နောက်လူကွယ်ရာ မြစ်ကမ်းပါးအရပ်သို့သွားကာ ခွဲစရာဓါးမရှိသဖြင့် ကျောက်ဆောင်ပေါ်တွင် ဖရဲသီးကိုပေါက်ခွဲကာ တပျော်တပါးတက်ညီလက်ညီ နှိုက်စားကြပါသည် ။

တစ်ခါတစ်ရံ ထိုသို့လုပ်ရသည် ကို ပျင်းလာလျှင်ကျွန်တော်တို့ သည် ရုပ်ရှင်ခိုးကြည့်ကြပါသည် ။ ကျွန်တော်တို့ ကြည့်ကြသည် မှာ ပြည်တော်အေးရုပ်ရှင်ရုံဖြစ်ပါသည် ။ ပြည်မြို့လမ်းမတော် သပြေတေးသံသွင်းနှင့် မျက်နှာခြင်းဆိုင်တွင် အိမ်နှစ်အိမ်ကြား၌ လမ်းကြားကလေး တစ်ခုရှိသည် ။ ထိုလမ်းကြားကလေးအတိုင်း အိမ်နောက်ဘက်သို့ ဝင်သွားလျှင် လမ်းဆုံးသောအခါ အုတ်တံတိုင်းတစ်ခုကို တွေ့ရမည်ဖြစ်သည် ။ ထိုအုတ်တံတိုင်းကို ဖက်တက်လိုက်လျှင် ကြောင်လိမ်လှေကားတစ်ခုကို တွေ့မည်ဖြစ်သည် ။ ထိုကြောင်လိမ်လှေကားအတိုင်း ခပ်တည်တည်ဝင်သွားလျှင် ပြည်တော်အေးရုပ်ရှင်ရုံ အပေါ်ထပ် D.C ဟုခေါ်သော အထူးတန်းသို့ ရောက်သွားမည်ဖြစ်သည် ။ ဤလမ်းကြောင်းကို ကျွန်တော်တို့ ရပ်ကွက်မှ ကလေးတိုင်း သိသည် ။ တစ်နေ့တွင် ကျွန်တော်တို့ ကလေး တစ်သိုက်ကြီး ရုပ်ရှင်ခိုးကြည့်သည် ကို ဝန်ထမ်းများကသိသွားသဖြင့် ဖမ်းပြီးမန်နေဂျာရုံးခန်းထဲသို့ ပို့လိုက်၏။ ကျွန်တော်တို့ ရှေ့တွင် မန်နေဂျာက တယ်လီဖုန်းစကားပြောခွက်ကို ဆတ်ကနဲကောက်ယူကာ

“ ဟုတ်ကဲ့ ရဲစခန်းကလား ဒီမှာ ရုပ်ရှင်ခိုးကြည့်တဲ့ ကလေးတွေမိထားလို့ ထောင်ထဲကိုပို့ရအောင် မြန်မြန်လာခေါ်ပါ “ ဟု ပြော လိုက်လေ

သည် ။ ကျွန်တော်တို့ ကြောက်မည် ထင်ပါသလား။ ကျွန်တော်အစ်ကို အောင်အောင်သည် မန်နေဂျာ တယ်လီဖုန်းစကားပြောခွက်ကို ဆွဲယူလိုက်ပြီး စကားပြောနေစဉ်ကပင် ရယ်ချင်စိတ်ကို အောင့်ထားရဟန်နှင့်

" ဟားဟား ဖုန်းဆက်တာ နံပါတ်လဲမနှိပ်ဘူး " ဟု ပြောလိုက်ရာ မန်နေဂျာသည် ကျွန်တော်တို့ ကို ဖြီးဖြန်းနေတာ အလိမ်ပေါ်သွားသဖြင့်

" သောက်ကောင်လေးတွေ သွားကြ နောက်တစ်ခါလာရင် မလွယ်ဘူးမှတ် " ဟု ပြောကာ ပြန်လွှတ် လိုက်လေသည် ။

***

တစ်ခါတစ်ရံတွင် ကျွန်တော်တို့ သည် ဧရာဝတီမြစ်ထဲတွင် ရေသွားကူးကြသည် ။ ကျွန်တော်သည် ရေကြိုက်သူမဟုတ်။ ရေထဲဆင်းစိမ်ရတာ ဝါသနာမပါ။ ထို့ကြောင့် မြစ်ကိုသွားလျှင် ကျွန်တော်ပါ လိုက်သွားသော်လည်း အများအားဖြင့် ကျွန်တော်သည် အားလုံးက ချွတ်ထားကြသော အဝတ်ပုံကြီးကို စောင့်ရသည် သာများ သည် ။ ကျန်သူငယ်ချင်းများကတော့ ပြည်မြို့ ထွန်းသီရိရုံဆိပ်ကမ်းရှိ ငပုကျောက်ဆောင်ဟု အမည်ရသော ကျောက်ဆောင်ကြီးပေါ်တွင် ကူးကြခတ်ကြ ရယ်ကြမောကြဖြင့် ပျော်ရွှင်မြူးတူးလျက် ရှိပါသည် ။ ထိုငပုကျောက်ဆောင်ဟူသော နာမည်ကျော်ကျောက်ဆောင်ကြီးမှာ နွေရာသီတွင် ရေပေါ်တွင် ပေါ်နေပြီး မိုးတွင်းအခါ ရေတက်လာသောအခါ စုံးစုံးမြုပ်လျက်ရှိပါသည် ။ ကျောက်ဆောင် ဆိုသော်လည်း တကယ့်သဘာဝကျောက်မဟုတ် စက်ဝိုင်းခြမ်းပုံ အုတ်ခုံရှည်မျောမျော ကြီးဖြစ်သည် ။ ပါးစပ်ရာဇဝင်အရ တစ်ခါက ငပုဆိုသောလူတစ်ယောက်သည် မိုးတွင်းဘက်ပုဇွန်

ဆင်းငုတ်ရာ ယခုကျောက်ဆောင်ကြီးကို ရေအောက်တွင် တွေ့သဖြင့် ပုဇွန်များ လိုက်စမ်းရာ ဂလိုင်ပေါက်တစ်ခုထဲသို့လက်နှိုက်မိပြီး လက်ပြန်ထုတ်မရသဖြင့် ရေနစ်သေဆုံးခဲ့ကြောင်း၊ ထို့ကြောင့် ငပုကျောက်ဆောင်ဟု အမှတ်သညာပြုခဲ့ကြောင်း ပြောကြပါသည် ။ သို့သော်ဤပုံပြင်မှာ မှန်လားမမှန်သလား မည်သူမျှမသိပါ။ ထိုငပုကျောက်ဆောင်တည့်တည့် ကမ်းပါးပေါ်ဝယ် မြို့နယ်စည်ပင်သာယာ၏ ရေပေးဝေရေးရုံးရှိရာ ကျွန်တော်ထင်သည် မှာ ဤကျောက်ဆောင်သည် အင်္ဂလိပ်လက်ထက်က မြို့ရေပေးဝေရေးအတွက် ဆောက်လုပ်ခဲ့သော ရေစစ်ကန်ဖြစ်ပုံရပါသည် ။ ထိုရေစစ်ကန်၌ ငပုသေချင်လဲ သေခဲ့မည်။သေချင်မှ လဲသေပါမည်။

ထိုသို့ကလေးများ မြစ်သို့ရေသွားကူးခြင်းကို လူကြီးမိဘများကမကြိုက်ပါ။ မြစ်ကိုသွားသည် ဟု သိလျှင် အရိုက်ခံရပါသည် ။ ထိုအခါ မြစ်ကပြန်လာမှန်း မသိအောင် ကျွန်တော်တို့ သည် ပရိယာယ်မာယာ သုံးရပါသည် ။ ကျွန်တော်တို့ ကလေးများ သည် အများအားဖြင့် လူကြီးများကနံနက်လင်းလျှင် သနပ်ခါးကျကျနန လိမ်းကျံပေးလိုက်ကြစမြဲ ဖြစ်သည် ။ မြစ်ထဲ၌ ရေကူးပြီးပြန်လာသောအခါ မျက်နှာတွင် သနပ်ခါးမရှိပဲ မျက်နှာပြောင် ဖြစ်နေလျှင် မိဘများ သည် ကလေးများ ရေချိုးထားကြောင်း သိပါသည် ။ မိဘမသိပဲရေချိုးသောနေရာမှာ အခြားမဟုတ်၊ မြစ်ထဲဆင်း ကမြင်းကြောထ၍ ပဲ ဖြစ်ရမည်မှာ ဗေဒင်မေးစရာမလိုသောကိစ္စဖြစ်သည် ။ ထို့ကြောင့် ကျွန်တော်တို့ ကလေးများ သည် မြစ်ထဲတွင် ရေချိုးပြီးသည် နှင့် ရယ်ဒီမိတ်သနပ်ခါးခဲများကို ရေနှင့် ဖျော်ပြီး တစ်ယောက်ကိုတစ်ယောက် လိမ်းပေးကြသည် ။ ထိုနည်းဖြင့် ကျွန်တော်တို့သည် မြစ်မှ ရေချိုးခဲ့ကြောင်းကို ပိပိရိရိလိမ်ညာနိုင်ခဲ့သည် ။ သို့သော် မြစ်ထဲ၌ ရေချိုးလာခဲ့ကြောင်းကို သက်သေပြနိုင်သော နောက်တစ်နည်းရှိ

သေးသည် ။ ဤနည်းကိုမိဘများ မသိ ကျွန်တော်တို့ ကလေးများ သာ သိသည် ။ သို့သော် ကလေးအချင်းချင်း သစ္စာဖောက်လိုက်လျှင်ကား မိဘများ ပါ သိနိုင်လေသဖြင့် ဆင်ခြင်ရသေးသည် ။ ထိုနည်းမှာ အခြားမဟုတ် မည်မျှသနပ်ခါးလိမ်း အဝတ်အစားများ ခြောက်သွေ့အောင် လုပ်ထားသည် ဖြစ်စေ၊ မြစ်ထဲမှာ ရေစိမ်ပြီး တက်လာသူမှန်လျှင် လက်သဲဖြင့် ထိုကလေး၏ လက်မောင်းကို ခြစ်လိုက်လျှင် ဘောပင်ဖြင့်ခြစ်လိုက်သလို အစင်းကြောင်းဖြူဖြူလေး ဖြစ်ပေါ်လာတတ်သည် ။ အချိန်တော်တော်ကြာမှ ထိုသို့အစင်းကြောင်း ထင်နိုင်ခြင်း ပြယ်လွင့်သွားလေ့ရှိသည် ။ ထို့ကြောင့် ကျွန်တော်တို့ သည် မြစ်မှ ရေဆော့ပြီး ပြန်လာလျှင် တတ်နိုင်သမျှအိမ်သို့ တန်းမပြန်သေးပဲ အချိန်တော်တော်ဖြုန်းပြီးမှ ပြန်လေ့ရှိပါသည် ။ တစ်နေ့တွင် ကျွန်တော်တို့ သည် မြစ်ထဲတွင် ရေကူးနေကြစဉ် “ အောင်အောင်နဲ့ ညီညီ မင်းအမေလိုက် လာပြီ “ ဟူသော သူငယ်ချင်းတစ်ယောက်၏ ဘေးအန္တရာယ်အချက်ပေးသံကို ကြားရပါသည် ။ ကျွန်တော်ကြည့်လိုက်ရာ အမေသည် ခပ်လှမ်းလှမ်းမှ လာနေတာ တွေ့ရပါသည် ။ ထို့ကြောင့် ကလေးဉာဏ်ဖြင့် ကျွန်တော်သည် ရေထဲတွင် ငုတ်နေလိုက်ပါသည် ။ တော်တော်ကြီး အသက်အောင့်နေပြီး မအောင့်နိုင်သည့် အဆုံးတွင် မတ်တပ်ရပ်ပြီး ရေပေါ်သို့ ခေါင်းဖော်လိုက်ရာ ကျွန်တော်ရှေ့တည့်တည့်တွင် မတ်တပ်ရပ်နေသော မိခင်ဖြစ်သူကို တွေ့ရပါသည် ။ ကျွန်တော့်ကို နားရွက်ဆွဲကာ အမေကခေါ်သွားသဖြင့် အခြားကလေးများ လည်း မကြာမီ သူတို့ မိဘများ ဆီသို့ သတင်းပေါက်ကြားတော့မည်ကို ရိပ်မိကာအမြန်ဆုံး လူစုခွဲပြီးဒိုးကြပါသည် ။ ဒီလောက်မိဘက ဆုံးမနေသည့် ကြားမှ ပင် ကျွန်တော်သည် မြစ်တွင် နှစ်ကြိမ်ရေနစ်ဖူးပါသည် ။ ရေနှင့် သေရန်ဇာတာမပါ၍ လားမသိ။ နှစ်ကြိမ်စလုံးသေဘေးမှ ကပ်လွတ်ခဲ့သည် ။ ပထမတစ်ခါတွင် ကျွန်တော်သည်

သင်္ဘောတစ်စီးဘေးတွင် ရေကူးနေပါသည် ။ ရေကူးတတ်သည် တော့မဟုတ်၊ ဒီလိုပဲဟိုကူးဒီခတ်လုပ်နေစဉ် ပလုံကနဲ ချောက်ထဲသို့ကျသွား၏။ ကြောက်လိုက်သည် မှာ ဆိုဖွယ်မရှိ၊ ငါတော့သေရတော့မည်ဟု လည်းတွေးမိသည် ။ သို့သော် ယက်ရင်းကန်ရင်း ကျွန်တော်သည် ရေပေါ်သို့ခဏပေါ်လာရာ ဆွဲမိဆွဲရာလှမ်းဆွဲလိုက်သောအခါ မော်တော်မှ ကမ်းစမ်သို့သွယ်တန်းထားသော ကြိုးကိုဆွဲမိပါသည် ။ ထိုကြိုးအတိုင်း တရွေ့ရွေ့လက်ဖြင့် လွဲပြီးလာခဲ့ရာ ကမ်းစပ်ရေတိမ်ထဲသို့ ပြန်ရောက်လာပါသည် ။ အနားမှာ လူများ ရှိသော်လည်း ကျွန်တော်ရေနစ်သည် ကို ဘယ်သူမျှမမြင်ပါ။ ထိုနေရာသည် နှစ်စဉ်မြို့မှ လူများ မကြာခဏ ရေနစ်သေသောနေရာဖြစ်ပါသည် ။ နောက်တစ်ကြိမ်နစ်သည် မှာ ပို၍ ပင်လူပြတ်သော နေရာတွင် ဖြစ်ပါသည် ။ တစ်နေ့တွင် ကျွန်တော်နှင့် ခင်မောင်တာသည် အခြားသူငယ်ချင်းများ မပါပဲ အ.ထ.က (၃)ကျောင်းရှေ့မှ သောင်ပြင်ကြီး ဆီသွားကြပါသည် ။ ပြည်မြို့တွင် နွေအခါ သောင်ပြင်ကြီးတပုံ့တပြူး ပေါ်ထွန်းနေလေ့ရှိပါသည် ။ ထိုသောင်ပြင်သည် ငပလီတို့ ၊ ချောင်းသာတို့လို ကမ်းစပ်မှ ဝေးဝေးသွားလဲ ရေမှာ အနက်ကြီးမဖြစ်ပါ။ ထို့ကြောင့် ကျွန်တော်နှင့် ခင်မောင်တာ သည် တရွေ့ရွေ့ရေထဲဆင်းပြီး ကမ်းမှ အတော်ဝေးအောင်သွားကြပါသည် ။ ကျွန်တော်သည် ရေကူးတတ်သူမဟုတ်ပါ။ ခင်မောင်တာကကူးတတ်ပါသည် ။ ထိုသို့ရေတိမ်ပိုင်းတွင် သွားနေရင်း ရုတ်တရက်ကျွန်တော်သည် ရေနက်ထဲသို့ကျသွားပါသည် ။ နောက်မှ တွေးမိသည် မှာ ထိုနေရာသို့ရောက်လာသော ပဲ့ထောင်မော်တော်သမားများ ၏ မော်တော်ပန်ကာ မှုတ်အားကြောင့် အချို့သဲသောင်ရေတိမ်ပိုင်းတွင် ကျင်းကြီးများ သဖွယ်ဖြစ်နေရာ ကျွန်တော်သည် ထိုတွင်းထဲသို့ ကျသွားခြင်းဖြစ်နိုင်သည် ။ ထိုအခေါက်မှာ တော့ ကျွန်တော်သည် ရေနစ်သွားသော်လည်း စိတ်နှင့် လူမကပ်

အောင် သိပ်ပြီး ကြောက်လန့်သွားခြင်းမရှိပါ။ လူကရေထဲတွင် မြုပ်နေသော်လည်း ကျွန်တော်သည် ဘာကြောင့် မှန်းမသိ (ကိုယ်စောင့်နတ်ကနှိုးဆော်သလို ) လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်ထားမိ၏။ ထို့ကြောင့် ကျွန်တော်သည် တစ်ကိုယ်လုံးရေမှာ မြုပ်နေသော်လည်း လက်ကောက်ဝတ် အထက်ပိုင်းမှာ ရေပေါ်တွင် ပေါ်နေပါသည် ။ ခင်မောင်တာသည် ကျွန်တော်ကိုကြည့်၍ မမြင်သောအခါ ဟိုဟိုသည် သည်လိုက်ရှာပါသည် ။ ရုတ်တရက် ကျွန်တော်လက်ကလေးနှစ်ဖက် ရေပေါ်မှာ ပေါ်နေသည် ကို မြင်သောအခါ ပထမသော် ကျွန်တော်စနောက်နေသည် ဟု ထင်နေပါသည် (ကျွန်တော်ကလည်း အင်မတန်အစအနောက်သန်သည် မဟုတ်ပါလား )။ နောက်တော့မှ ကျွန်တော်နောက်နေတာ မဟုတ်ပဲ ရေနစ်နေတာ သိသွားကာ ခင်မောင်တာသည် ရေနက်ပိုင်းမှသွားပြီး ရေငုတ်၍ ကျွန်တော့်ကို ကမ်းစပ်ဘက်သို့ ဆောင့်တွန်းလိုက်ပါသည် ။ ခင်မောင်တာလုပ်တာ အင်မတန်ပညာရှိပါသည် ။ သူတွန်းသောဘက်မှာ း ခဲ့လျှင် ကျွန်တော်သည် ပို၍ ရေနက်သောအပိုင်းသို့ ရောက်သွားကာ ကယ်မရသော အခြေအနေသို့ ရောက်သွားနိုင်ပါသည် ။ ယခုမူ ကျွန်တော်သည် စာရေးဆရာမဖြစ်မခြင်း မသေနဲ့ ဦးဟု ကံဇာတာရှိသည့် ပမာ ကျွင်းထဲမှ လွတ်ထွက်သွားပြီး ကုန်းပေါ်သို့ရောက်ကာ ရေမှပေါ်လာပါသည် ။ ခင်မောင်တာ့ကို ကျေးဇူးတင်လိုက်သည် မှာ လည်း ပြောဖွယ်ရာမရှိပြီ။ သူသည် ကျွန်တော်၏ ညီဝမ်းကွဲ ဖြစ်၏။ ကျွန်တော်၏ အရင်းနှီးဆုံးသူငယ်ချင်လည်း ဖြစ်၏။ ယခုမူ ကျွန်တော်အသက်သခင်လည်း ဖြစ်ပါပေသည် ။ ထိုသုံးမျိုးစုံခင်မောင်တာသည် အသက်ငယ်ငယ် (၃၀ )လောက်တွင် ဇွဖ ပါးရောဂါဖြင့် ကွယ်လွန်သွားသည် မှာ ကံကမ္မာ၏ လှည့်စားချက်ဖြစ်ပါပေသည် ။ ကျွန်တော်ကား ရေနှင့် ပတ်သက်သောသေဘေးမှ ပြည်မြို့တွင် နှစ်ကြိမ် လွတ်မြောက်ခဲ့ပြီး အသက်ကြီး

ကာမှ ၂၀၀၈ နာဂစ်မုန်တိုင်း အပြီးတွင် မြစ်ဝကျွန်းပေါ်၌ တစ်ကြိမ် လွတ်မြောက်ခဲ့ပါသည် ။ ထိုစဉ်က နာဂစ်မုန်တိုင်းဘေး ဒုက္ခသည် များ ကို ကယ်ဆယ်ရေးပစ္စည်းများ သွားရောက်ထောက်ပံ့ရာ ဖျာပုံအနီးရှိ ရွာ ကလေးတစ်ရွာသို့ ရောက်ခဲ့ပါသည် ။ ထိုရွာအလည်တည့်တည့်မှ ကျယ် ပြန့်သော ချောင်းတစ်ခု ဖြတ်သန်းစီးဆင်းနေရာ ရွာမှာ တောင်ပိုင်းနှင့် မြောက်ပိုင်းဆိုပြီး နှစ်ပိုင်းဖြစ်နေသည် ။ ကျွန်တော်နှင့် အတူလာသော ဇနီးဖြစ်သူနှင့် အခြားမိတ်ဆွေတစ်ယောက်မှာ ဟိုဘက်ကမ်းသို့ တံတား ကိုကူးကာ ရောက်သွားပြီဖြစ်သဖြင့် ကျွန်တော်လည်း တံတားရှိရာသို့ လျှောက်လာရာ ကလေးတစ်ယောက်က လှေကလေးလှော်ကာရောက် လာပြီး လာလေဦးလေး ကျွန်တော်လည်း ဟိုဘက်ကမ်းသွားမှာ ပဲဟု ခေါ်သဖြင့် တံတားမှာ အတော်လျှောက်ရဦးမည်ဖြစ်သဖြင့် ကျွန်တော် လည်း ချောင်းကို လှေဖြင့် တည့်တည့်ဖြတ်တာ ပိုခရီးတွင် မည်ဟု တွက်ဆပြီးလှေပေါ်သို့ တက်လိုက်ပါသည် ။ တဖြည်းဖြည်းကမ်းမှ ခွာ လာကာမှ ငါသည် ရေမကူးတတ်ပဲ ကလေးတစ်ယောက် လှော်သော လှေပေါ်သို့ လိုက်လာတာမှားပြီဟု တွေးမိပါသည် ။ ထင်သည့် အတိုင်း ပင် လှေဝမ်းအကွဲထဲမှ ရေများ သည် တရစပ် စီးဝင်လာပါသည် ။ ကျွန်တော်သည် ရေများကိုပက်ထုတ်သော်လည်း မနိုင်ပါ။ အပေါက်မှာ အတော်ပင်ကြီးသည် ။ ကြာလျှင်လှေသည် နစ်တော့မည်ပဲ ပေါ်နေပါသ ည် ။ ထိုအချိန်တွင် ရေလည်သို့ ရောက်နေပါပြီ။ ကျွန်တော်ဇောချွေးများ ပြန်လာပါသည် ။ မုန်တိုင်းဒုက္ခသည် များကို အလှူလာလုပ်ကာမှ ရေနစ်သေသည် ဆိုလျှင် ကျော်မကောင်းကြားမကောင်း ဖြစ်တော့မည် ဟု တွေးကြောက်မိပါသည် ။ မြန်မြန်လှော်ပါကွ၊ လှေမြုပ်တော့မယ် ငါ ရေမကူးတတ်ဘူး ဟု ပြောလျှင် ကလေးသည် သူတတ်နိုင်သမျှလှော်ပါ ၏။ ကျွန်တော်လည်း ဘာမှ မတတ်နိုင် ရေတွေဝင်လာတာကို ဒီအတိုင်း

ပဲကြည့်နေရသည် ။ လှေသည် ဟိုဘက်ကမ်းနှင့် တဖြည်းဖြည်း နီးလာသော်လည်း ရေတွေကလည်း တိုး၍ တိုး၍ သာ ဝင်လာပါသည် ။ ကျွန်တော်လည်း ဂဏာမငြိမ်တော့ပါ။ နောက်ဆုံးတွင် ရုပ်ရှင်တွေထဲမှာလို လက်မတင်လေးပင် လှေကကမ်းစပ်နှင့် ထိ၍ ကျွန်တော်ကမ်းပေါ်သို့ ခြေတစ်ဖက် ချလိုက်ချိန်တွင် လှေသည် နစ်မြုပ်သွားပါသည် ။ လွန်ခဲ့သော ငါးမိနစ်ခဏ့်ကသာ မြုပ်ပါက ကျွန်တော်ရေနစ်သေမှာ ကျိန်းသေသည် ။ ဤကား ကျွန်တော်ရေဘေးမှ သုံးကြိမ်လွတ်မြောက်ခဲ့ပုံပင်တည်း။

*